# 2 သဘာဝဘေးအန္တရာယ်နှင့်ကြုံတွေ့လျှင်

## 2-7 ဘေးကင်းရာသို့ရှောင်ခြင်း

### (1) ဘေးကင်းလွတ်ရာနေရာများမှတ်သားခြင်း

| | |
|---|---|
| ကယ်ဆယ်ရေးစခန်း | ဘေးအန္တရာယ်ကြောင့်နေအိမ်များပျက်စီးပြီးအိမ်ခြေမဲ့သူများကခိုလှုံနေထိုင်ရာနေရာဖြစ်သည်။<br>မူလတန်းနှင့်အလယ်တန်းကျောင်း၏အားကစားရုံ၊ ပြည်သူ့ခန်းမများ။ |
| ယာယီ ကယ်ဆယ်ရေးစခန်း | ဘေးအန္တရာယ်ဖြစ်ချိန်တွင်တခဏတာဘေးကင်းအောင်ရှောင်ရသောနေရာဖြစ်သည်။<br>ကြီးမားသောဘေးရှောင်ရန်နေရာသို့သွားရန်စုဝေးရာနေရာလည်းဖြစ်သည်။အနီးနားရှိပန်းခြံ၊ကွင်းပြင်စသောနေရာ။ |
| ကြီးမားသော ကယ်ဆယ်ရေးစခန်း | ကြီးမားသောဘေးအန္တရာယ်ကြောင့်မီးလောင်ပြီး၊ဧရိယာကျယ်ပြန့်စွာကူးစက်စဉ်တွင်မီးဘေးရှောင်ရမည့်နေရာဖြစ်သည်။ရွာ၊ရပ်ကွက်၊မြို့နယ်မှသတ်မှတ်ထားသောပန်းခြံကြီးများသည်ကျယ်ပြန့်စွာမီးလောင်ကျွမ်းမှုဘေးမှလွတ်မြောက်ရန်လုံလောက်ကျယ်ပြန့်သောနေရာဖြစ်သည်။ ပန်းခြံကြီးနှင့်ကျယ်ပြန့်သောကွင်းပြင်စသည့်နေရာများ။ |



ဘေးကင်းလွတ်ရာနေရာတွင် လူကအစိမ်းရောင်အဝိုင်းကို နင်းပြေးနေပုံပါသော ဆိုင်းဘုတ်ကပ်ထားသည်။

ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ပြင်ဆင်ရန် မြို့နယ်ရုံးမှ ဘေးအန္တရာယ်ကာကွယ်ရေးမြေပုံကို ရယူပြီး၊ မိမိနေထိုင်သောပတ်ဝန်းကျင်ရှိ ယာယီဘေးရှောင်နေရာ၊ ကြီးမားသောဘေးရှောင်နေရာကို မှတ်သားထားပြီး၊ အိမ်မှငင်းနေရာသို့သွားရာလမ်းကြောင်းကိုမှတ်သားထားပါ။

### (2) ဘေးရှောင်ရန်သတိပေးခြင်းနှင့်ညွှန်ကြားချက်

မိမိနေထိုင်သောမြို့နယ်တွင်ဘေးအန္တရာယ်ဖြစ်ပွားစဉ် (သို့) ဖြစ်ပေါ်နိုင်ခြေရှိသောအခါတွင် မြို့နယ်ဥက္ကဋ္ဌက ဘေးရှောင်ရန် သတိပေးခြင်းနှင့် ညွှန်ကြားချက်ကို တ်ပြန်လိမ့်မည်။ ထိုအခါ၌ငင်းထုတ်ပြန်ချက်အတိုင်း လိုက်နာပါ။ သို့သော် အနီးနားတွင် မီးလောင်မီးခိုးထွက်နေခြင်း၊အိမ်ထဲသို့ရေဝင်လာခြင်းစသည်တို့နှင့်ကြုံတွေ့ပါကကိုယ်တိုင်ဆုံးဖြတ်ပြီးလွတ်ကင်းရာသို့ရှောင်ပါ။

### (3) ဘေးအန္တရာယ်မှရှောင်နည်း

ပစ္စည်းများအနည်းငယ်သာယူဆောင်ပြီးလမ်းလျှောက်ကာဘေးရှောင်မှုသည်အခြေခံဖြစ်သည်။ကလေးနှင့်သက်ကြီးရွယ်အိုများ၊ရောဂါနှင့်ဒါဏ်ရာရှိသူများရှိပါကအချင်းချင်းဝိုင်းဝန်းကူညီကာဘေးအန္တရာယ်မှလွတ်ကင်းရာသို့ရှောင်နေရန်။